KARENNI CIVIL SOCIETY NETWORK

[illegible]

**Karenni Civil Societies Network**

P.O. Box - 20, Mae Hong Son, 58000, Thailand
Phone: 08 1029 9570, E-mail:kcsn2010@gmail.com

## မြေယာနှင့် သဘာဝသယံဇာတအရင်းအမြစ် စီမံခန်းခွဲရေးအပေါ်
## ကရင်နီလူမှုအသင်းအဖွဲ့ကွန်ယက်၏သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၃.၁၀.၂၀၁၃

ကရင်နီလူမှုအသင်းအဖွဲ့ကွန်ယက်မှ မြေယာနှင့် သဘာဝသယံဇာတအရင်းအမြစ်စီမံခန်းခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်း၊ ကရင်နီနယ်စပ် တနေရာတွင်၂၀၁၃ခုနှစ် အောက်တိုဘာလ (၁၈ )ရက်မှ (၂၀) ရက်နေ့အထိ စီစဉ်ပြုလုပ်ပြီး ဒေသခံလူမှုအသင်းအဖွဲ့ကိုယ်စားလှယ်(၁၆)ဖွဲ့မှတက်ရောက်သူ စုစုပေါင်း(၄၈)ဦး တက်ရောက်ဆွေးနွေးခဲ့ရာ အောက်ပါအချက်များအပေါ် သဘောတူခဲ့ကြပါသည်။

၁။ သဘာဝသယံဇာတများထုတ်ယူရာတွင်ဒေသခံလူထုများနှင့် ညှိနှိုင်းတိုင်ပင်ပြီးပွင့်လင်းမြင်သာမှုရှိရမည်။

၂။ ရှိထားသည့် ရိုးရာဓလေ့ထုံးတမ်းဥပဒေကို မြေယာ၊ သယံဇာတနှင့် သစ်တောများကို ကာကွယ်ထိန်းသိမ်းရန်အတွက် သင့်တော်ကောင်းမွန်ပါကဥပဒေတွင် ပြန်လည် ပြဌာန်းကျင့်သုံးရမည်။

၃။ အစိုးရနှင့် ကုမ္ပဏီများမှအကောင်အထည်ဖေါ်လုပ်ဆောင်သည့်စီမံကိန်းကြီးများနှင့် အခြားစီပွားရေး ရင်းနှီးမြုပ်နှံမှုစီမံကိန်းများ၏ စီမံကိန်းနေရာများသို့လူမှုအသင်းအဖွဲ့များမှ လွတ်လပ်စွာသွားရောက် လေ့လာဆန်းစစ်ပိုင်ခွင့်ရှိရမည်။

၄။ စီမံကိန်းအကောင်အထည်ဖေါ်သူများသည် ထိခိုက်နစ်နာမှုတစုံတရာအပေါ်တွင် တာဝန်ရှိပြီး စီမံကိန်း ထိခိုက်မှုရှိသောဒေသများတွင် ရေရှည်တည်တံ့ခိုင်မြဲသောလူမှုဖွံ့ဖြိုးရေးများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၅။ စီမံကိန်းအကောင်အထည်ဖေါ်သူများသည် ဒေသခံ၏ရိုးရာဓလေ့ကျင့်ထုံးကို လေးစားလိုက်နာရမည်။

၆။ မည်သည့်စီမံကိန်းများမဆို FPIC (Free, Prior and Informed Consent) ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖေါ် လုပ်ဆောင်သင့်သည်။

၇။ ကရင်နီပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မဖန်တီးပေးနိုင်သည့်စီးမံကိန်းများအား ပြည်နယ်တွင် မပြုလုပ်ရ။

၈။ မည်သည့် အဲန်ဂျီအို/နိုင်ငံတကာအဲန်ဂျီအိုများ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ကူညီပေးစဉ်တွင် (Humanitarian Accountability Partnership -HAP Standard) စံချိန်စံညွှန်းနှင့်အညီ လိုက်နာကျင့် သုံးရမည်။ ဆောင်ရွက်မည့် စီမံကိန်းအားလုံးသည် အခြေခံလူထုပိုင်ဆိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အခြေခံမှု သဘောတရားများအတိုင်း အကောင်အထည်ဖေါ် လုပ်ဆောင်ရမည်ဖြစ်ပြီး ရှိထားသည့်လူမှုအသင်းအဖွဲ့များနှင့် ၎င်းတို့၏ လုပ်ငန်းများကို လျစ်လျူရှုကျော်လွှားခြင်း (သို့မဟုတ်) အားနည်းစေခြင်းမဖြစ်စေဘဲ အားကောင်းလာအောင် အားပေးကူညီသွားရမည်။

ကရင်နီအခြေပြု လူမှုအသင်းအဖွဲ့များကွန်ယက်
ဆက်သွယ်ရန်ပုဂ္ဂိုလ် - ခူးမီရယ်
- (+၆၆) ၀၈၁ ၀၂၉ ၉၅၇၀
- နော်အားမူ
- (+၆၆) ၀၈၁ ၃၆၆ ၀၆၂၁